ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
## အမိန့်အမှတ် ( ၃ /၂၀၂၂)
## ၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
## (၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်)

အကြောင်းအရာ။ **ဥပဒေဆိုင်ရာအထောက်အကူပြုအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၉၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ "ဥပဒေဆိုင်ရာအထောက်အကူပြုအဖွဲ့"ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ဦးကျော်ကျော်နိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| ( ခ ) | ဒေါ်ဥမ္မာအေး<br>ညွှန်ကြားရေးမှူး၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| ( ဂ ) | ဦးကိုကိုလွင်<br>ညွှန်ကြားရေးမှူး၊ မြေယာဌာန<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးစိုးမြင့်လေး<br>ညွှန်ကြားရေးမှူး<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ရဲမှူးကြီး မြင့်အေး<br>ညွှန်ကြားရေးမှူး<br>ဥပဒေနှင့်စစ်ဆေးရေးဌာန<br>မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး | အဖွဲ့ဝင် |
| ( စ ) | ရဲမှူးကြီး သက်နောင်<br>ဌာနမှူး၊ တားဆီးနှိမ်နင်းရေးဌာန<br>နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး | အဖွဲ့ဝင် |

ကန့်သတ်

(ဆ) ဒုတိယရဲမှူးကြီး မြင့်စိုး အဖွဲ့ဝင်
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

၂။ **ဥပဒေဆိုင်ရာအထောက်အကူပြုအဖွဲ့** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၆-၁၀-၂၀၂၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁၉၀/၂၀၂၂ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့(APJG)သို့ ပေးပို့ရသည့် မြန်မာနိုင်ငံ၏တိုးတက်မှုအစီရင်ခံစာရေးသားရာ၌လည်းကောင်း၊ ဌာနဆိုင်ရာများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရာ၌ လည်းကောင်း AML/CFT နှင့် သက်ဆိုင်သည့် ဥပဒေဆိုင်ရာ အကြံပြုချက်များပေးရန်၊

( ခ ) ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force – FATF)၏ အကြံပြုချက်စံနှုန်းအချက် (၄၀)အနက် စံနှုန်းနိမ့်လျက်ရှိသည့် အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်နိုင်ရေး စိစစ်ဆောင်ရွက်ရန်၊

( ဂ ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့က ပြုလုပ်သည့် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ရာ၌ ပါဝင်ဆောင်ရွက်၍ လိုအပ်သော ဥပဒေအကြံဉာဏ်များပေးရန်၊

(ဃ) တိုးတက်မှုအစီရင်ခံစာမူကြမ်း(အင်္ဂလိပ်+မြန်မာ)စိစစ်ရေးသားရေးအဖွဲ့၏ တိုးတက်မှုအစီရင်ခံစာများရေးသားရာတွင် လိုအပ်သောဥပဒေအကြံဉာဏ်များပေးရန်။

( င ) ဤအဖွဲ့၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ထံ အစီရင်ခံတင်ပြရန်။

၃။ **ဥပဒေဆိုင်ရာအထောက်အကူပြုအဖွဲ့** သည် လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ ညွှန်ကြားချက်နှင့် အညီဆောင်ရွက်ရန်ဖြစ်ပါသည်။

xxxxxxxxx

ဥက္ကဋ္ဌ
ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

စာအမှတ်၊ ၄၃၄၅ ( ၈၄၁၉ ) / ၁၄-၀၅ / ဦး ၄
ရက် စွဲ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့
အဖွဲ့ဝင်များအားလုံး
မိတ္တူကို

ဥက္ကဋ္ဌ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့
ဒုတိယဥက္ကဋ္ဌ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့
မျှော/လက်ခံ